# (၂၁) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့သည် ချင်းအမျိုးသားတပ်ဦးမှ ချင်းအမျိုးသားများ၏ အခြေခံအခွင့်အရေးဖြစ်သည့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ တလိုင်းစွန်ဒေသတွင် ရှေးဦးစွာကျင့်သုံးလာခဲ့ပြီးသည့်နောက်၊ ဖလမ်းညီလာခံတွင် ချင်းလဲန်းတခွင့်ကျင့်သုံးရန် တညီတညွတ်လက်ခံဆုံးဖြတ်ခဲ့သည့် ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်သူ ဖခင်ကြီးများ၏ ဆန္ဒအတိုင်း ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးတို့အတွက် ချင်းအမျိုးသားများက လက်နက်ကိုင် အမျိုးသားတော်လှန်ရေး စတင်ဆင်နွှဲခဲ့သည့် (၂၁) နှစ်မြောက် ချင်းအမျိုးသားတော်လှန်ရေး နေ့မြတ် အခါသမယပင် ဖြစ်ပါသည်။

ဤရက်မြတ်အခါသမယတွင် ချင်းအမျိုးသားများ အာဏာရှင်စစ်အုပ်ချုပ်ရေးမှ လွတ်မြောက်နိုင်ရေး အတွက် ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်ရင်း အသက်စတေးခဲ့ကြသည့် ချင်းမျိုးချစ်ရဲဘော်အပေါင်းနှင့် ပြည်တွင်းပြည်ပမှ မိမိတို့တတ်စွမ်းသမျှ ချင်းအမျိုးသားအားလုံး၏ အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားတော်လှန်ရေး ဆက်လက်တိုက်ပွဲဝင်လျက်ရှိသည့် ချင်းပြည်သူအပေါင်းတို့အား ဦးညွှတ် ဂါရဝဂုဏ်ပြု အပ်ပါသည်။

ချင်းအမျိုးသားတပ်ဦးသည် အာဏာရှင်စစ်အုပ်ချုပ်ရေးကို တော်လှန်ရာတွင် လက်နက်ကိုင် လမ်းစဉ် တခုတည်းကို ကိုင်စွဲ၍ အမျိုးသားတော်လှန်ရေးကို ဆင်နွှဲနေခြင်းမျိုးမဟုတ်ပဲ၊ ရရာနည်းလမ်း ပေါင်းစုံ ဖြင့် အမျိုးသားတော်လှန်ရေးကို ဆင်နွှဲလျက်ရှိပါသည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြေပေါ်မြေအောက် သဘာဝသယံဇာတ ပစ္စည်းများ ထိန်းသိမ်းကာကွယ်ရေးနှင့် အခြားလူမှုစွမ်းအား မြှင့်တင်ရေးလုပ်ငန်းများကိုပါ ချင်းပြည်သူ များနှင့်အတူ လက်တွဲ၍ ဆောင်ရွက်လျက်ရှိနေပါသည်။

အာဏာရှင်စစ်အစိုးရသည် ချင်းပြည်သူများအလူးအလဲခံစားနေရသည့် ဂါးသုဉ်းမှုကြောင့်ဖြစ်ပေါ် လာသည့် အစာရေစာငတ်မွတ်မှုဒဏ်နှင့် အခြားလူမှုဒုက္ခအားလုံးကို ယနေ့ထိတိုင် ဥပေက္ခာ ပြုလျက် ရှိနေပါသည်။ ဤအခြေအနေမှ ချင်းအမျိုးသားတရပ်လုံး အမြန်ဆုံး လွတ်မြောက်နိုင်ရေး အတွက် ပြည်တွင်းပြည်ပရှိ ချင်းပြည်သူအားလုံး အမျိုးသားရေးအသိစိတ်ဓါတ်ဖြင့် ဖေးမကူညီကြရန် အထူး လိုအပ်နေပါသည်။

နအဖစစ်အာဏာရှင်အစိုးရသည် ပြည်သူများထံမှ တရားမဝင်ရယူထားသည့် အာဏာအရပ်ရပ်ကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ရေး ၂၀၁၀ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပရန် တစိုက်မတ်မတ် လုပ်ဆောင်နေပါသည်။ ၎င်း၏ နိုင်ငံရေးလမ်းပြမြေပုံ(၇) ဆင့်ထဲမှ အဆင့် (၅) ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကို ချင်းအမျိုးသားတပ်ဦးအနေဖြင့် မည့်သို့မျှလက်ခံနိုင်ခြင်း မရှိပါ။ တချိန်တည်းတွင် ဤရွေးကောက်ပွဲသို့ ပါဝင်ဆင်နွဲမည့် ချင်းပြည်သူများသည်လည်း မိမိတို့ ချင်းအမျိုးသားတို့၏ အခြေခံအခွင့်အရေးများ ပြန်လည်ရရှိနိုင်ရေးကို ရှေ့ရှု၍သာ ပါဝင်သင့်ကြောင်း ချင်းအမျိုးသားတပ်ဦးမှ တိုက်တွန်းလိုပါသည်။

Human Rights Watch (HRW) မှ မကြာသေးမီက ဆင်ခြင်မှုကင်းမဲ့စွာနှင့် လွဲမှားစွာထောက်ပြထားသည့် အစီရင်ခံစာကြောင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်သူများနှင့် ချင်းပြည်သူများအကြား နားလည်မှုလွဲမှားမည့်ဖြစ်ရပ်များ ဖြစ်ပေါ်လျှက်ရှိပေသည်။ HRW ၏ တင်ပြချက်တချို့သည် ခိုင်လုံသောအထောက် အထားမရှိသည်သာမက ယုံကြည်ရလောက်သော သက်သေများထံမှ သတင်းရယူခြင်းမျိုးမဟုတ်သဖြင့် လူ့အခွင့်အရေးမြှင့်တင်ရာ မရောက်သည့်အပြင် လူ့သိက္ခာကိုထိပါးစေသည့် လုပ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် သက်ဆိုင်ရာ အစိုးရ၊ အဖွဲ့အစည်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် တသီးပုဂ္ဂလများအနေဖြင့် အချင်းချင်းအကြား နားလည်မှု ပြန်လည်တည်ဆောက်ကြရန်နှင့် လူ့အခွင့်အရေးမြှင့်တင်ရေးအတွက် ဆက်လက်ကြိုးပန်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရင်းခံပြသနာသည် နိုင်ငံရေးပြဿနာဖြစ်သည့် အလျောက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်။ ဤအရင်းခံနိုင်ငံရေး ပြသနာအားဖြေရှင်း နိုင်ခြင်မရှိသရွေ့ ပြည်တွင်းပြည်ပရှိ ချင်းအမျိုးသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် အမျိုးသား တော်လှန်ရေးတိုက်ပွဲတွင် ဆက်လက် ပါဝင်သွားကြပါရန် ဤကနေ့တွင် ကျရောက်သော (၂၁) နှစ်မြောက် ချင်းအမျိုးသားတော်လှန်ရေးနေ့ အခါသမယတွင် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ

ချင်းအမျိုးသားတပ်ဦး

၂၀၀၉ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့